ရခိုင်ပြည်အတွင်း

# မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ

ရသေ့တောင်မြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်

ဇွန်လ၊ ၂၀၂၃ခုနှစ်

DEVELOPMENT MEDIA GROUP



သဲခုံကျေးရွာမှ ငြင်းချောင်းကျေးရွာသို့ ပြောင်းရွှေ့နေကြသည့် ကျေးရွာသားအချို့ (ပေါက်တောမြို့နယ်)

## မာတိကာ

နိဒါန်း............................................................................................................... 4

လေ့လာဆန်းစစ်ရခြင်း၏ အကြောင်းရင်း............................................................................ 5

ရည်ရွယ်ချက် ..................................................................................................................... 6

လေ့လာဆန်းစစ်ခဲ့သည့် နည်းလမ်း .................................................................................... 7

လေ့လာဆန်းစစ်မှု ပြုခဲ့သော မြို့နယ်နှင့်ကျေးရွာများစာရင်း................................................. 7

လေ့လာတွေ့ရှိချက်များ........................................................................................................ 9

ရသေ့တောင်မြို့နယ်............................................................................................................. 9

ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှု (ရသေ့တောင်မြို့နယ်)............................................................. 9

အိမ်ခြေထိခိုက်ပျက်စီးမှု (ရသေ့တောင်မြို့နယ်) ................................................................. 10

ပြောင်းရွှေ့နေထိုင်ရမှု (ရသေ့တောင်မြို့နယ်)..................................................................... 12

ရေတွင်း၊ ရေကန်ပျက်စီးမှု (ရသေ့တောင်မြို့နယ်) .............................................................. 13

အိမ်သာစနစ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ပြဿနာ (ရသေ့တောင်မြို့နယ်) ................ 14

အခက်အခဲနှင့် စိန်ခေါ်မှုများ (ရသေ့တောင်မြို့နယ်) ............................................................ 15

ဦးစားပေးလိုအပ်ချက်များ (ရသေ့တောင်မြို့နယ်)................................................................. 15

ပေါက်တောမြို့နယ် ............................................................................................................. 16

ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှု (ပေါက်တောမြို့နယ်) .............................................................. 16

အိမ်ခြေထိခိုက်ပျက်စီးမှု (ပေါက်တောမြို့နယ်)..................................................................... 17

ပြောင်းရွှေ့နေထိုင်ရမှု (ပေါက်တောမြို့နယ်) ....................................................................... 19

ရေတွင်း၊ ရေကန်နှင့် ရေတံကင် (အဝီစိတွင်း) ပျက်စီးမှု (ပေါက်တောမြို့နယ်) ........................ 20

အိမ်သာစနစ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ပြဿနာ (ပေါက်တောမြို့နယ်)................... 21

အခက်အခဲနှင့် စိန်ခေါ်မှုများ (ပေါက်တောမြို့နယ်)............................................................... 22

ဦးစားပေးလိုအပ်ချက်များ (ပေါက်တောမြို့နယ်) .................................................................. 22

ပုဏ္ဏားကျွန်းမြို့နယ်............................................................................................................ 23

ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှု (ပုဏ္ဏားကျွန်းမြို့နယ်) ............................................................. 23

အိမ်ခြေထိခိုက်ပျက်စီးမှု (ပုဏ္ဏားကျွန်းမြို့နယ်) ................................................................... 24

ပြောင်းရွှေ့နေထိုင်နေရမှု (ပုဏ္ဏားကျွန်းမြို့နယ်)......26
ရေတွင်း၊ ရေကန် ပျက်စီးမှု (ပုဏ္ဏားကျွန်းမြို့နယ်)......27
အိမ်သာစနစ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ပြဿနာ (ပုဏ္ဏားကျွန်းမြို့နယ်)......28
အခက်အခဲနှင့် စိန်ခေါ်မှုများ (ပုဏ္ဏားကျွန်းမြို့နယ်)......29
ဦးစားပေးလိုအပ်ချက်များ (ပုဏ္ဏားကျွန်းမြို့နယ်)......29
နိဂုံး......30
နောက်ဆက်တွဲများ......31
ရသေ့တောင်မြို့နယ်......31
ထိခိုက်သေဆုံးမှု စာရင်း......31
အိမ်ခြေပျက်စီးဆုံးရှုံးမှုစာရင်း......31
ပြောင်းရွှေ့နေထိုင်နေရသည့် အိမ်ထောင်စုအရေအတွက် စာရင်း......32
ရေတွင်း၊ ရေကန်နှင့် ရေတုံကင်(အဝီစိတွင်း) ပျက်စီးမှု စာရင်း......32
ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူဦးရေ စာရင်း......32
ပေါက်တောမြို့နယ်......33
ထိခိုက်သေဆုံးမှု စာရင်း......33
အိမ်ခြေပျက်စီးဆုံးရှုံးမှုစာရင်း......33
ပြောင်းရွှေ့နေထိုင်နေရသည့် အိမ်ထောင်စုအရေအတွက် စာရင်း......34
ရေတွင်း၊ ရေကန်နှင့် ရေတုံကင်(အဝီစိတွင်း) ပျက်စီးမှု စာရင်း......34
ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူဦးရေ စာရင်း......34
ပုဏ္ဏားကျွန်းမြို့နယ်......35
ထိခိုက်သေဆုံးမှု စာရင်း......35
အိမ်ခြေပျက်စီးဆုံးရှုံးမှုစာရင်း......35
ပြောင်းရွှေ့နေထိုင်နေရသည့် အိမ်ထောင်စုအရေအတွက် စာရင်း......36
ရေတွင်း၊ ရေကန်နှင့် ရေတုံကင်(အဝီစိတွင်း) ပျက်စီးမှု စာရင်း......36
ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူဦးရေ စာရင်း......36

## နိဒါန်း

ရခိုင်ပြည်သည် သဘာဝဘေးအန္တရာယ်အနေဖြင့် ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ ဆိုင်ကလုန်းမုန်တိုင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးခေါင်ရေရှားပါးမှုများသာမက တန်းတူမညီမျှမှုကို အခြေခံသော ပဋိပက္ခ၊ အကြမ်းဖက်မှုများ၊ လက်နက်ကိုင် တိုက်ပွဲများ စသည့် အန္တရာယ်တို့ကိုပါ ရင်ဆိုင်တွေ့ကြုံနေရပါသည်။ ရခိုင်ပြည်တွင် မြို့နယ် (၁၇)မြို့နယ်ရှိပါသည်။ ၎င်းတို့မှာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြေပုံ၊ အမ်း၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်၊ သံတွဲ၊ ဂွ စသည်တို့ဖြစ်ပါသည်။

မြောက်အိန္ဒိယ သမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သည့် အလွန်အင်အားပြင်းထန်သည့် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း **အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ** (Extremely Severe Cyclonic Storm Mocha) သည် မေလ ၁၄ ရက်နေ့တွင် အဆင့် ၅ သို့ ရောက်ရှိလာခဲ့ပြီး တစ်မိနစ်အကြာ လေတိုက် နှုန်းမှာ၂၈၀ km/h (၁၇၅ mph) ဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အား တိုက်ခတ်ခဲ့ပါသည်။ ကုန်းတွင်းပိုင်းအနီးသို့ ရောက်ချိန်တွင် အဆင့်-၄ မုန်တိုင်းအဖြစ် အားလျော့လာကာ တစ်မိနစ်အကြာ လေတိုက်ခတ်နှုန်းမှာ ၂၅၀ km/h (၁၅၅ mph) ဖြင့် တိုက်ခတ် ခဲ့ပါသည်။ [1]

ဤသို့ အလွန်အင်အား ပြင်းထန်သော ဆိုင်ကလုန်း မုန်တိုင်း မိုခါကြောင့် ရခိုင်ပြည်သူ၊ ပြည်သားများ၏ အသက်၊ အိုးအိမ် များစွာ ပျက်စီးဆုံးရှုံး ခဲ့ကြရပါသည်။ မြန်မာစစ်တပ်နှင့် ရခိုင်တပ်တော် အအေးတို့ကြား စစ်ရေးပဋိပက္ခများ ဖြစ်ပွားပြီးနောက်ပိုင်း အကန့်အသတ်ဖြစ်နေသည့် ခရီးသွားခွင့်နှင့် လုံခြုံရေးတင်းကြပ်မှုများ ဆက်လက်ရှိနေဆဲ ဖြစ်သော်လည်း DMG သည် ရခိုင်ပြည်နှင့် ပတ်သက်သည့် အရေးအရာများကို စဉ်ဆက်မပြတ် လေ့လာစုစည်း၍ ရရှိလာသည့် သတင်းအချက်အလက်များကို ဒေသခံပြည်သူများ အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန် DMG၏ ဖေ့ဘွတ်နှင့် ဝက်ဆိုဒ်စာမျက်နှာပေါ်တို့တွင် စဉ်ဆက်မပြတ် မျှဝေတင်ဆက်ပေးနေခဲ့ပါသည်။ DMG ၏ လေ့လာတွေ့ရှိချက်များအရ ရခိုင်ပြည်ရှိ **စစ်တွေ၊ ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်**မြို့နယ်တို့သည် ဆိုင်ကလုန်းမုန်တိုင်း မိုခါဒဏ်ကို ပြင်းထန်မှုအများဆုံး တိုက်ခတ်ခံခဲ့ရပြီး အသက်၊ အိုးအိမ်နှင့် ဥစ္စာပစ္စည်းများစွာ ထိခိုက်၊ ပျက်စီးဆုံးရှုံး ခဲ့ရပါသည်။ ထို့ပြင် မောင်တော၊ ဘူးသီးတောင်၊ မြောက်ဦး၊ မင်းပြား၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ မြေပုံနှင့် အမ်း မြို့နယ် (၉)ခုတွင်လည်း ပြင်းအားလျော့သော ထိခိုက်မှုများ ရှိခဲ့ပါသည်။

ယခုအစီရင်ခံစာသည် အဓိကအားဖြင့် ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်းမြို့နယ် (၃)မြို့နယ်မှ မြို့ပေါ်ရပ်ကွက် (၄)ခုနှင့် ကျေးရွာ ၁၄ ရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာ ခေါင်းဆောင်များနှင့် မုန်တိုင်းဒဏ်သင့် ဒေသခံများအား ဖုန်းဖြင့် မေးမြန်းချက်များမှ ရရှိသည့် ထိခိုက်၊ သေဆုံးမှု၊ အိုးအိမ်များ ပျက်စီး ဆုံးရှုံးမှုနှင့် အဓိကအားဖြင့် လတ်တလော သောက်သုံးရေနှင့် ကျန်းမာရေး ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရသော ကျေးရွာ စာရင်းနှင့် ၎င်းကျေးရွာများ၏ ဦးစားပေး လိုအပ်ချက်များ စသည့် သတင်းအချက် အလက်များကို စုစည်း တင်ပြထားသည် ဖြစ်၍ ကျေးရွာများ အားလုံးသို့ ကွင်းဆင်းဆောင်ရွက်နိုင်ပါက ယခုထက် ပိုမိုပြည့်စုံနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် အခြားသော မြို့နယ်များကိုလည်း ဆက်လက် ပြုလုပ်ရန် လိုအပ် နေပါသေးသည်။

[1] Cyclone Mocha - Wikipedia

## လေ့လာဆန်းစစ်ရခြင်း၏ အကြောင်းရင်း

မုန်တိုင်းဒဏ် ထိခိုက်ခံခဲ့ရသော မြို့နယ်များမှ အသက်ဆုံးရှုံးခဲ့သူ အများစုမှာ ရခိုင်နှင့် မွတ်ဆလင် လူမျိုးများဖြစ်ကြပြီး အာဆီယံ၏ ထုတ်ပြန်ချက်အရ သေဆုံးသူ စုစုပေါင်း ၁၅၂ ဦးရှိခဲ့ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်တွင် ဘင်္ဂလားဒေ့ရှ်မှ သုံးဦးအပါအဝင် အနည်းဆုံး ၄၆၃ ဦး သေဆုံးခဲ့ကြောင်း ထုတ်ပြန်ခဲ့ပြီး[1] စစ်ကောင်စီမှ မြန်မာ့အလင်းသတင်းစာတွင် လူဦးရေ ၁၄၅ ဦး သေဆုံးပြီး နေအိမ်အဆောက်အအုံ တစ်သိန်း ရှစ်သောင်းကျော် ပျက်စီးခဲ့ကြောင်း[2] အသီးသီး ထုတ်ပြန်ခဲ့ကြပါသည်။

ရခိုင်တပ်တော် အေအေ၏ ပြန်ကြားရေးတာဝန်ခံ ဦးခိုင်သုခမှ ဆိုင်ကလုံးမုန်တိုင်း မိုခါကြောင့် ရခိုင်ပြည်နယ်တွင် အိမ်ခြေနှစ်သိန်းကျော် ပျက်စီးပြီး လူတစ်သန်းကျော် ထိခိုက်နစ်နာခဲ့ကြောင်း၊ သေဆုံးခဲ့သူဦးရေ စုစုပေါင်း ၁၆၄ ဦး ရှိခဲ့ပြီး ၎င်းတို့မှာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ရသေ့တောင်နှင့် ပေါက်တော မြို့နယ်များမှ ဖြစ်ကြောင်း DMG ၏ ဆက်သွယ်မေးမြန်းချက်တွင် ဖြေဆိုခဲ့ပါသည်။ [3]

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UN OCHA Myanmar) မှ ထုတ်ပြန်ချက်အများအရ ဆိုင်ကလုံးမုန်တိုင်း မိုခါ ကြောင့် ရခိုင်ပြည် အပါအဝင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်တို့တွင် လူဦးရေ ၁.၆သန်း ထိခိုက်ခဲ့သည်ဟု ရေးသား တင်ပြထားသည်ကို တွေ့ရှိရပါသည်။ [4]

ပြည်တွင်း၊ ပြည်ပမှ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ လူသားချင်းစာနာ တုန့်ပြန်ရေး လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကန့်အသတ် ဖြစ်နေသော ခရီးသွားလာခွင့်၊ ကူညီ ထောက်ပံ့ခွင့်များ ဆက်လက်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် မုန်တိုင်းဒဏ်သင့် ပြည်သူများမှာ ၎င်းတို့၏ လူမှုဘဝများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်နေသည့် စားနပ်ရိက္ခာ၊ သန့်ရှင်းသည့် ရေနှင့် အိုးအိမ်နှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည် တည်ဆောက်နိုင်ရေး များစွာသော အခက်အခဲများကို ရင်ဆိုင်တွေ့ကြုံနေကြရပြီး ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းပုဂ္ဂိုလ်များ၏ ကျန်းမာရေး လက်လှမ်းမှီမှုများမှာ အကန့်အသတ် ဖြစ်လျှက် ရှိနေပါသည်။



**မိုခါမုန်တိုင်းဒဏ် ခံခဲ့ရသည့် မိသားစုတစ်စု (ရသေ့တောင်မြို့နယ်)**

---

2 21-5-2023 mmal 300.pdf (moi.gov.mm)

3 https://www.facebook.com/dmgnewsagency/posts/pfbid02mg4rsLQxgvaAXsWjyrji57qfNmNF9sCZHSpM1zVkUK3n1Jt1EcimqG9Yx4EWu5Fdl?__cft__[0]=AZV9zLkP5rgZgR3sdPVOePHBSWe5kDaq5z3gHO3b7sHe6TaR0-JhA7gUUIAfe3tF28rO8crfBXbVY3I00aDSzy9afiXz72DF_euGjK2284y1a2SIJTg6ujFlwvVptQmvw8VXboNuR3K_kVYlbzAL5nxaqM1xTOzdP_otovlP32Eln66xfu2J1-py8m_PktQXpdY&__tn__=%2CO%2CP-R

4 Myanmar: Cyclone Mocha Situation Report No.4 (As of 14:00 8 June 2023) - Myanmar | ReliefWeb

## ရည်ရွယ်ချက်

ရခိုင်ပြည်ရှိ မြို့နယ် အများစုသည် သောက်သုံးရေအတွက် မိုးရာသီတွင် ရွာသွန်းသောမိုးရေကို မြေသားကန်များတွင် သိုလှောင်သိမ်းဆည်း၍ အဓိက မှီခို နေရပြီး နွေရာသီတွင် ရေရှားပါးမှု ပြဿနာကို နှစ်စဉ် တွေ့ကြုံရမြဲဖြစ်ပါသည်။ မုန်တိုင်းတိုက်ခတ်ပြီး နောက်ပိုင်းတွင် ဒေသခံပြည်သူများ အမှီပြုနေသော သောက်သုံးရေကန်များသို့ ပင်လယ် ဆားငန်ရေ နှင့် အမှိုက်များ ဝင်ရောက် ခဲ့ခြင်းများကြောင့် မသန့်ရှင်းသော ရေများကို ဒေသခံပြည်သူများမှာ နေ့စဉ်နှင့် အမျှ မလွဲရှောင်သာ သောက်သုံးနေကြရပါသည်။ သို့ဖြစ်ပါ၍ မြို့နှင့် အလှမ်းဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော မုန်တိုင်းဒဏ်သင့် ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေ မလုံလောက်မှုနှင့် နောက်ဆက်တွဲ အခက်အခဲ၊ ပြဿနာများရင်ဆိုင် ဖြေရှင်းနေကြရသည်များကို ပိုမိုရှင်းလင်းစွာ သိရှိနိုင်စေရန်နှင့် လူသားချင်းစာနာ တုန့်ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေး ကျေးရွာများ လွယ်ကူစွာ ရွေးချယ်သတ်မှတ်နိုင်ရေး အထောက်အကူ ပြုနိုင်စေရန် အောက်ပါအချက်များအား ရည်ရွယ်၍ ဤလေ့လာဆန်းစစ်မှုကို ပြုလုပ်ရခြင်း ဖြစ်ပါသည်။

- မုန်တိုင်းဒဏ်ကြောင့်ထိခိုက်သေဆုံးခဲ့သောလူဦးရေနှင့် ပျက်စီးဆုံးရှုံးခဲ့သော အိမ်ခြေအရေအတွက်တို့ကို သိရှိနိုင်ရန်။
- ပျက်စီးဆုံးရှုံးသွားခဲ့သော ရေတွင်း၊ ရေကန်အရေအတွက်ကို သိရှိနိုင်ရန်။
- သောက်သုံးရေလက်လှမ်းမှီမှုနှင့် နောက်ဆက်တွဲ ပြဿနာများကို သိရှိနိုင်ရန်။
- အရေးပေါ်လိုအပ်ချက်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီရရှိမှု အခြေအနေများကို သိရှိနိုင်ရန်။




**မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်တစ်ဆောင် (ရသေ့တောင်မြို့နယ်)**

## လေ့လာဆန်းစစ်ခဲ့သည့် နည်းလမ်း

မုန်တိုင်းဒဏ်ကို အများဆုံး ထိခိုက်ခံခဲ့ရပြီး လက်ရှိတွင် သောက်သုံးရေခက်ခဲမှုနှင့် ကျန်းမာရေး ပြဿနာများကို အများဆုံး ပူးတွဲရင်ဆိုင်နေရသော ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း မြို့နယ်(၃)မြို့နယ်မှ မြို့ပေါ်ရပ်ကွက် (၄)ခုနှင့် ကျေးရွာ ၁၄ ရွာအား အောက်ပါအချက်(၃)ချက်ကို အခြေခံ ရွေးချယ်၍ ရပ်မိရပ်ဖများ၊ ကျေးရွာခေါင်းဆောင်များနှင့် လူငယ်ခေါင်းဆောင်များကို ဖုန်းဖြင့် စစ်တမ်းကောက်ယူခြင်း၊ ကျေးရွာတစ်ရွာသို့ သွားရောက်၍ ကျေးရွာခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ မုန်တိုင်းဒဏ်ခံရသည့် မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ကွင်းဆင်းလေ့လာခြင်းများ ပါဝင်ပါသည်။


- အသက်အိုးအိမ်နှင့် ရေတွင်းရေကန်များ ထိခိုက်/သေဆုံး/ပျက်စီးမှုများခြင်း၊
- သောက်သုံးရေ အခက်အခဲဖြစ်နေခြင်း
- ရေမသန့်ရှင်းမှုကြောင့် ရေနှင့် ဆက်စပ်သည့် ရောဂါများ ဖြစ်ပွားနေခြင်း
- လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် ပြင်ပ ကူညီထောက်ပံ့မှုများ မရရှိခြင်း (သို့) နည်းပါးနေခြင်း

| နည်းလမ်း | လူဦးရေ | အဓိက အကြောင်းအရာ |
|---|---|---|
| Phone survey | ကျား-၁၈ဦး | • ကျေးရွာ၏ လူဦးရေ၊ အိမ်ထောင်စုများနှင့် ပတ်သက်သည့် အခြေခံ သတင်း အချက်အလက်များ<br>• ထိခိုက်၊သေဆုံးခဲ့ရသည့် ဖြစ်စဉ်နှင့် လူဦးရေ<br>• ထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်သည့်သတင်းအချက် အလက်များ<br>• သောက်သုံးရေ အခက်အခဲနှင့် ဖြေရှင်းနေသည့် ပုံစံ<br>• ကျန်းမာရေးပြဿနာနှင့် ဆေးဝါးလိုအပ်ချက်များ<br>• ပြင်ပ ကူညီထောက်ပံ့မှု အခြေအနေ<br>• ကျေးရွာ၏ ဦးစားပေး လိုအပ်ချက်များ |
| Field Observation | ကျား-၂ဦး | • ကျေးရွာတွင်း ပျက်စီးဆုံးရှုံးခဲ့ရသည့် အိမ်ခြေများ၊ ရေကန်များ<br>• မုန်တိုင်းဒဏ်ခံစားနေရသော ဒေသခံများ<br>• လတ်တလော လိုအပ်ချက်များ |
| In-depth interviews | ကျား-၇ဦး<br>မ-၄ဦး | • ကျေးရွာတွင်း ထိခိုက်၊ သေဆုံးခဲ့ရသော မိသားစုဝင်များ<br>• ရေရှားပါးမှုနှင့် ကျန်းမာရေး ပြဿနာများ<br>• ကျေးရွာ၏ အဓိက လိုအပ်ချက်များ |

## လေ့လာဆန်းစစ်မှု ပြုခဲ့သော မြို့နယ်နှင့်ကျေးရွာများစာရင်း

| ရသေ့တောင်မြို့နယ် | ပေါက်တောမြို့နယ် | ပုဏ္ဏားကျွန်းမြို့နယ် |
|---|---|---|
| ၁။ ရသေ့တောင်မြို့ (ရပ်ကွက်-၄ခု) | ၁။ သဲခုံကျေးရွာ | ၁။ ရဲရင့်ပြင်ကျေးရွာ |
| ၂။ ဒုံးပိုက်ကျေးရွာ | ၂။ ကြိမ်ချွေမော်ကျေးရွာ | ၂။ ပလီမော်ကျေးရွာ |
| ၃။ ချိန်ခါလီကျေးရွာ | ၃။ သရက်တောကျေးရွာ | ၃။ ကုလားချောင်းကျေးရွာ |
| ၄။ ညောင်ပင်လယ်ကျေးရွာ | ၄။ ငှက်ချောင်း IDP (၂) | ၄။ ကျွန်းချောကျေးရွာ |
| ၅။ ပြိန်းတောကျေးရွာ | ၅။ ငပြီကျွန်း(အလယ်ရွာ) | ၅။ မက္ကလာကျကျေးရွာ |

## လေ့လာဆန်းစစ်ခဲ့သောနေရာများ တည်နေရာပြမြေပုံ




# လေ့လာတွေ့ရှိချက်များ

## ရသေ့တောင်မြို့နယ်

### ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှု (ရသေ့တောင်မြို့နယ်)

ရသေ့တောင်မြို့နယ်တွင်း လေ့လာဆန်းစစ်ခဲ့သော ရသေ့တောင်မြို့ပေါ် ရပ်ကွက် (၄)ခုမှ ရပ်မိရပ်ဖများ၊ ကျေးရွာခေါင်းဆောင်များ၏ ပြောကြားချက်များအရ မုန်တိုင်းဒဏ်ကြောင့် ဒုံးပိုက်ကျေးရွာနှင့် ရသေ့တောင်မြို့တို့တွင် ထိခိုက်၊ သေဆုံးမှုများ ရှိခဲ့ပါသည်။ ဒုံးပိုက်ကျေးရွာတွင် ထိခိုက်ဒဏ်ရာရရှိသူ (၄၀)ဦးနှင့် သေဆုံးသူ (၁၃)ဦးထိ ရှိခဲ့ပြီး ရသေ့တောင်မြို့နယ်အတွင်း ထိခိုက်သေဆုံးမှု အများဆုံး ဖြစ်ခဲ့ပါသည်။ ထို့ပြင် ရသေ့တောင်မြို့တွင် ထိခိုက်ဒဏ်ရာ ရရှိသူဦးရေ(၂)ဦးနှင့် ပြိန်းတောကျေးရွာတွင် ထိခိုက်ဒဏ်ရာ ရရှိသူ ဦးရေ(၁)ဦး ရှိခဲ့ပါသည်။

**ထိခိုက်ဒဏ်ရာနှင့် သေဆုံးဦးရေ**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

သေဆုံးခဲ့ရသည့် သူများထဲတွင် အသက်(၁၈)နှစ်အောက် မိန်းကလေးငယ် တစ်ဦး ပါဝင်ပြီး ထိခိုက်ဒဏ်ရာ ရရှိသူများထဲတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး နှင့် သက်ကြီးရွယ်အိုများ ပါဝင်ခဲ့ပါသည်။




**မိုခါမုန်တိုင်းပြီး နွားသေများအား လယ်ကွင်းပြင်တွင် တွေ့ရစဉ် (ရသေ့တောင်မြို့နယ်)**

## အိမ်ခြေထိခိုက်ပျက်စီးမှု (ရသေ့တောင်မြို့နယ်)

အိမ်ခြေထိခိုက်ပျက်စီးမှုစာရင်းများအား ကောက်ယူရာတွင် ထိခိုက်ပျက်စီးမှု အမြင့်ဆုံး(လူနေ၍မရ)၊ အသင့်အတင့် (လူနေ၍မရ)၊ အနည်းငယ် (လူနေ၍ရ) ဟူ၍ ထိခိုက်ပျက်စီးမှု အမျိုးအစား (၃)မျိုးခွဲခြား၍ စစ်တမ်းကောက်ယူခဲ့ပါသည်။ လေ့လာဆန်းစစ်ခဲ့သော ရသေ့တောင်မြို့ပေါ် ရပ်ကွက်(၄)ခုတွင် အိမ်ခြေ **၁၀၀ ရာခိုင်နှုန်း** ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ(၂)ရွာရှိခဲ့သည်။ ၎င်းတို့မှာ ချိန်ခါလီကျေးရွာနှင့် ညောင်ပင်လယ် ကျေးရွာတို့ ဖြစ်ကြပါသည်။

**အိမ်ခြေထိခိုက်ပျက်စီးမှု ရာခိုင်နှုန်း**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ချိန်ခါလီကျေးရွာတွင် အမြင့်ဆုံးထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့သည့် အိမ်ခြေ (၁၁.၆၀%)ရာခိုင်နှုန်း ရှိပြီး အသင့်အတင့် ထိခိုက်ပျက်စီး(လူနေ၍မရ) ခဲ့သည့် အိမ်ခြေ (၈၈.၄၀%)ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ညောင်ပင်လည်ကျေးရွာတွင် အမြင့်ဆုံး ထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့သည့် အိမ်ခြေ (၉.၀၉%)ရာခိုင်နှုန်းနှင့် အသင့်အတင့် ထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့သည့် အိမ်ခြေ (၉၀.၉၁%)ရာခိုင်နှုန်း ရှိခဲ့ပါသည်။

**(၉၀ မှ ၉၉) ရာခိုင်နှုန်းထိ** ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ/မြို့များမှာ ပြိန်းတောကျေးရွာနှင့် ရသေ့တောင်မြို့ပေါ် ရပ်ကွက်-၄ခု တို့ ဖြစ်ကြပါသည်။ ပြိန်းတောကျေးရွာတွင် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ခြေ စုစုပေါင်း (၉၈.၅၂%) ရာခိုင်နှုန်းမှာ ထိခိုက်ပျက်စီးမှု အမြင့်ဆုံး (လူနေ၍မရ)ဖြစ်ခဲ့ကြပါသည်။ ရသေ့တောင်မြို့ပေါ် ရပ်ကွက်-၄ခု တွင် အိမ်ခြေ စုစုပေါင်း (၉၅.၆၁%)ရာခိုင်နှုန်းထိခိုက်ပျက်စီးမှု ရှိခဲ့ပါသည်။ ၎င်းအထဲတွင် အမြင့်ဆုံး ထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့သည့် အိမ်ခြေ (၁၉.၀၅%)ရာခိုင်နှုန်း၊ အသင့်အတင့် ထိခိုက်ပျက်စီး(လူနေ၍မရ)ခဲ့သည့် အိမ်ခြေ (၄၉.၉၈%)ရာခိုင်နှုန်းနှင့် အနည်းငယ်ထိခိုက်ပျက်စီး(လူနေ၍ရ)သည့် အိမ်ခြေ (၂၆.၈၆%)ရာခိုင်နှုန်း အသီးသီး ရှိခဲ့ကြသည်။

**၈၃ ရာခိုင်နှုန်းထိ** ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ(၁)ရွာရှိခဲ့ပြီး ၎င်းကျေးရွာမှာ ရသေ့တောင်မြို့နယ်တွင် ထိခိုက် သေဆုံးမှု အများဆုံး ဖြစ်ပွား ခဲ့သည့် ဒုံးပိုက်ကျေးရွာဖြစ်ပါသည်။ ဒုံးပိုက်ကျေးရွာတွင် အမြင့်ဆုံး ထိခိုက် ပျက်စီး

(လူနေ၍မရ) ခဲ့သည့် အိမ်ခြေ (၂၆.၅၂%)ရာခိုင်နှုန်း၊ အသင့်အတင့် ထိခိုက်ပျက်စီး (လူနေ၍မရ) ခဲ့သည့် အိမ်ခြေ (၅၃.၀၃%)ရာခိုင်နှုန်းနှင့် အနည်းငယ်ထိခိုက်ပျက်စီး(လူနေ၍ရ)ခဲ့သည့် အိမ်ခြေ(၃.၇၉%) ရာခိုင်နှုန်း ရှိခဲ့ပါသည်။





**မိုခါမုန်တိုင်းပြီးနောက် ရေစိုသွားခဲ့သည့် မျိုးစပါးများအား နေပူထုတ်လှန်းနေစဉ် (ရသေ့တောင်မြို့နယ်)**

## ပြောင်းရွှေ့နေထိုင်ရမှု (ရသေ့တောင်မြို့နယ်)

ရသေ့တောင်မြို့နယ်အတွင်း လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သော ရသေ့တောင်မြို့နှင့် ကျေးရွာ(၄)ရွာတွင် မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ခြင်းကြောင့် မူလနေထိုင်ရာ နေအိမ်များတွင် ကောင်းစွာ ဆက်လက်နေထိုင်၍ မရနိုင်သဖြင့် အခြားသောနေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ကျေးရွာ(၂)ရွာရှိပါသည်။

**<u>ပြောင်းရွှေ့နေထိုင်ရမှု ရာခိုင်နှုန်း</u>**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ပထမအများဆုံးကျေးရွာမှာ ဒုံးပိုက် ကျေးရွာဖြစ်ပြီး ပြောင်းရွှေ့နေထိုင်နေရသည့် အိမ်ထောင်စု (၂၁.၂၁%)ရာခိုင်နှုန်းရှိပါသည်။ ဒုံးပိုက် ကျေးရွာမှ ပြောင်းရွှေ့နေထိုင်နေကြရသည့် အိမ်ထောင်စုများသည် ဆွေမျိုး၊ အသိမိတ်ဆွေများ၏ နေအိမ်များ၊ နီးစပ်ရာကျေးရွာများ၊ ကျေးရွာတွင်း ရေလွတ်သည့် ကုန်မြင့်နေရာများသို့ ပြောင်းရွှေ့ ခိုလှုံနေကြရပါသည်။


ဒုတိယအများဆုံးကျေးရွာမှာ ညောင်ပင်လယ် ကျေးရွာဖြစ်ပြီး ဆွေမျိုး၊ အသိမိတ်ဆွေများ၏ နေအိမ်သို့ ပြောင်းရွှေ့ခိုလှုံနေကြရသည့် အိမ်ထောင်းစု (၅%)ရာခိုင်နှုန်း ရှိပါသည်။

ကျန်ရှိသော ကျေးရွာ(၃)ရွာမှာ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း ပျက်စီးသွားသည့် အိမ်များမှာ ပြန်လည်ပြင်ဆင်နိုင်ခြင်း မရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ အိမ်ခြံဝန်းများအတွင်းတွင် တာလပတ်များဖြင့် ယာယီတဲ/အဆောင်များ ဆောက်လုပ်၍ နေထိုင်နေကြပါသည်။

## ရေတွင်း၊ ရေကန်ပျက်စီးမှု (ရသေ့တောင်မြို့နယ်)

ရသေ့တောင်မြို့နယ်တွင် လေ့လာဆန်းစစ်ခဲ့သော ရသေ့တောင်မြို့ပေါ်ရပ်ကွက်-၄ခုနှင့် ကျေးရွာ(၄)ရွာတို့သည် ရေကန်နှင့် ရေတွင်းတို့မှ ရရှိသည့် သောက်သုံးရေများကို အဓိက အသုံးပြုနေကြပါသည်။ ရသေ့တောင်မြို့ပေါ်ရပ်ကွက်-၄ခုနှင့် ကျေးရွာ(၄)ရွာလုံးတွင် ပြိန်းတောကျေးရွာမှ လွဲ၍ အခြားသော ကျေးရွာများမှာ မုန်တိုင်းဒဏ်ကြောင့် ရေတွင်း၊ ရေကန်များ ပျက်စီးမှုများ ရှိခဲ့ပါသည်။ ညောင်ပင်လယ်ကျေးရွာနှင့် ဒုံးပိုက်ကျေးရွာများရှိ ရေတွင်း၊ ရေကန်များ အားလုံး (၁၀၀) ရာခိုင်နှုန်း ပျက်စီးခဲ့ပါသည်။ ချိန်ခါလီကျေးရွာမှ ရေတွင်း၊ ရေကန်များမှာ (၈၀%)ရာခိုင်နှုန်းထိ ပျက်စီးခဲ့ပါသည်။

**<u>ရေတွင်း၊ ရေကန် ပျက်စီးမှု ရာခိုင်နှုန်း</u>**





**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

အများစုမှာ ရေတွင်း၊ ရေကန်များထဲသို့ ကျရောက်နေသော အမှိုက်များ၊ အိမ်နှင့် အဆောက်အအုံများ၏ အပျက်အစီး အပိုင်းအစများ၊ ပလပ်စတစ်များ စသည်တို့ကို ဖယ်ရှားရန်နှင့် ဆားငန်ရေများ/ ရေဆိုး၊ရေညစ်များအား စုပ်ထုတ်ရန် လိုအပ် နေလျှက် ရှိနေပါသည်။ ၎င်းမှာ တစ်နှစ်ပတ်လုံးအတွက် မိုးရေများကို အဓိက သိုလှောင်၍ အသုံးပြုကြရသည့် အတွက်ကြောင့် ဖြစ်ပါသည်။ ဤသို့ဖြင့် ရသေ့တောင်မြို့နှင့် ကျေးရွာများတွင် သန့်ရှင်းသည့် သောက်သုံးရေများ ရရှိနိုင်ရန် ခက်ခဲနေသည့်အတွက် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ လာရောက် လှူဒါန်းခြင်းများ ရှိကြသော်လည်း အိမ်ထောင်စုအားလုံး လောက်ငှနိုင်ရန် လိုအပ်နေသေးသည် ဖြစ်၍ မိုးရေများကို ခံယူကာ အသုံးပြု နေကြရပါသည်။

## အိမ်သာစနစ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ပြဿနာ (ရသေ့တောင်မြို့နယ်)

အိမ်သာစနစ်နှင့် ပတ်သက်၍ ယင်လုံအိမ်သာကို ရသေ့တောင်မြို့ပေါ်၌သာ အများဆုံးအသုံးပြုကြပြီး ကျန်ရှိသည့် ကျေးရွာများတွင် အနည်းစုမျှသာ အသုံးပြုကြပါသည်။ ထို့ပြင်မုန်တိုင်းနှင့် အတူပါလာသော အမှိုက်များ၊ ဆားငန်ရေများ ဝင်ရောက်နေသည့် ရေတွင်း၊ ရေကန်များမှ ရေများကို မလွဲရှောင်သာ အသုံးပြုနေရခြင်းများကြောင့် ဒိုးပိုက်ကျေးရွာတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ အရေပြားရောဂါများ ဖြစ်ပွားလျှက်ရှိသည်မှာ လူဦးရေ (၂၀)နီးပါးခန့် ရှိပါသည်။ ဖြစ်ပွားမှုများထဲတွင် အသက် (၅)နှစ်နှင့် (၁၈)နှစ်ကြား အရွယ်များမှာ အဖြစ်များ ကြပါသည်။

**<u>ဝမ်းပျက်၊ ဝမ်းလျှောနှင့် အရေပြားရောဂါ ဖြစ်ပွားသည့် လူဦးရေ</u>**




**ရင်းမြစ် - ထိနိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိသော်လည်း ကျန်းမာရေးဝန်ထမ်းမရှိသည့်အတွက် ရောဂါခံစားနေရသူများမှာ ဆေးမြီးတိုများဖြင့် ကုသနေလျှက်ရှိပြီး ရောဂါပြင်းထန်လာသည့် အချိန်မှသာ မြို့ပေါ် ဆေးရုံသို့ သွားရောက် ကုသကြပါသည်။

## အခက်အခဲနှင့် စိန်ခေါ်မှုများ (ရသေ့တောင်မြို့နယ်)

အများစုမှာ အသက်အိုးအိမ်၊ ရေတွင်း၊ ရေကန်များ ထိခိုက်ပျက်စီးရုံသာမကပဲ ၎င်းတို့ပိုင် ကျွဲ၊ နွားများ၊ မျိုးစပါးများနှင့် အခြားသော အိမ်အသုံးအဆောင် ပစ္စည်းများပါမကျန် ထိခိုက်ပျက်စီးခဲ့ခြင်းများ ရှိခဲ့ပါသည်။ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်စားသောက်ကြသည့် ကျေးရွာများတွင် စိုက်ပျိုးလယ်မြေများအတွင်းသို့ ဆားငန်ရေဝင်ရောက်ခြင်း၊ မျိုးစပါးများ ဆုံးရှုံးခဲ့ခြင်းများကြောင့် လက်ရှိ စားဝတ်နေရေး အခက်အခဲသာမက အနာဂတ် ဘဝရပ်တည်ရေး အတွက်ပါ စိန်ခေါ်မှုများ ရှိနေပါသည်။

ဆားငန်ရေများ၊ မုန်တိုင်းနှင့် ပါလာသည့် အဆောက်အအုံ ပစ္စည်း အပိုင်းအစများ၊  ပလပ်စတစ်အမှိုက်များ၊ သစ်ကိုင်း၊ သစ်ရွက်များ ကျရောက်နေသော ရေတွင်း၊ ရေကန်များထဲမှ ရေများကို သောက်သုံးနေကြရခြင်း၊ ယင်လုံအိမ်သာများ အသုံးပြုမှု အားနည်းခြင်းများကြောင့် ကလေးငယ် အများစုမှာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ အရေပြားယားယံ ရောဂါများ ဖြစ်ပွားနေလျှက် ရှိနေကြပါသည်။ ကျေးရွာအများစုတွင် ကျေးလက်ဆေးပေးခန်းများ မရှိခြင်း၊ ရှိသော်လည်း ကျန်းမာရေးဝန်ထမ်း မလုံလောက်/ အချိန်ပြည့် မရှိခြင်းများကြောင့် ငွေကြေးအဆင်ပြေသူ များသာ မြို့ပေါ်သို့ သွားရောက်၍ ဆေးကုသမှုခံယူလျှက် ရှိကြပြီး ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများနှင့် လမ်းပန်းဆက်သွယ်ရေး ဝေးလံသော ကျေးရွာများမှ အိမ်ထောင်စုများမှာ ကျေးရွာတွင်း ဆေးမြီးတိုများဖြင့် ဖြေရှင်း နေကြပါသည်။

ထိခိုက်ဆုံးရှုံးမှုများခဲ့သည့် ကျေးရွာများထဲမှ ဒုံးပိုက်ကျေးရွာရှိ အချို့သောသူများမှာ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စိတ်ထိခိုက်နေရခြင်းများရှိနေကြပြီး ရပ်ရွာအသိုင်း အဝိုင်းအလှူရှင်တို့မှ စားနပ်ရိက္ခာအချို့လောက်သာ လာရောက် လှူဒါန်းမှုများ ရှိနေသေး၍ အမိုးအကာနှင့် စားနပ်ရိက္ခာ မလုံမလောက်မှုများအတွက် စိုးရိမ်ပူပန်မှုများ ရှိနေကြပါသည်။

သို့ဖြစ်ပါ၍ ရသေ့တောင်မြို့ပေါ် ရပ်ကွက် (၄)ခုနှင့် ကျေးရွာ(၄)ရွာတို့တွင် အာဏာပိုင်အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့အစည်း စသည့် ကူညီထောက်ပံ့ရေး အဖွဲ့အစည်းအချို့နှင့် ပုဂ္ဂလိက အလှူရှင်တို့မှ သောက်သုံးရေ၊ ဆန်၊ အမိုးအကာနှင့် ငွေကြေးအချို့တို့ကိုသာ လာရောက်လှူဒါန်းမှုများ ရှိနေပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်နစ်နာခဲ့သည့် အိမ်ထောင်စုများအားလုံးအတွက် လွှမ်းခြုံနိုင်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးမှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။

## ဦးစားပေးလိုအပ်ချက်များ (ရသေ့တောင်မြို့နယ်)

| စဉ် | ကျေးရွာ/မြို့ | ကျေးရွာအုပ်စု | အရေးပေါ် လိုအပ်ချက်များ | အခြား လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ဒုံးပိုက် | ဒုံးပိုက် | စားနပ်ရိက္ခာ၊ အမိုးအကာ | |
| ၂ | ချိန်ခါလီ | ချိန်ခါလီ | စားနပ်ရိက္ခာ၊ အမိုးအကာ | ယင်လုံအိမ်သာ |
| ၃ | ပြိန်းတော | ပြိန်းတော | စားနပ်ရိက္ခာ၊ အမိုးအကာ | |
| ၄ | ညောင်ပင်လယ် | ညောင်ပင်လယ် | စားနပ်ရိက္ခာ၊ | မျိုးစပါး |
| ၅ | ရသေ့တောင်မြို့ | | သောက်သုံးရေ | |


**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

## ပေါက်တောမြို့နယ်

### ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှု (ပေါက်တောမြို့နယ်)

ပေါက်တောမြို့နယ်အတွင်း လေ့လာဆန်းစစ်ခဲ့သော ကျေးရွာ(၅)ရွာထဲတွင် ထိခိုက်သေဆုံးမှု ရှိခဲ့သော ကျေးရွာ(၄)ရွာ ရှိခဲ့ပါသည်။ ငှက်ချောင်းIDP(၂) ကျေးရွာတွင် ထိခိုက်ဒဏ်ရာရရှိသူ (၇၀)ဦးထိ ရှိခဲ့ပြီး လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သည့် အားလုံးထဲတွင် ထိခိုက်ဒဏ်ရာရရှိသူ အများဆုံး ဖြစ်ခဲ့ပါသည်။ သဲခုံကျေးရွာတွင် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ (၃၇)ဦး၊ ကြိမ်ချွေမော်ကျေးရွာတွင် ထိခိုက်ဒဏ်ရာရရှိသူ (၁၀)ဦးနှင့် သေဆုံးသူ (၁)ဦးရှိခဲ့ပါသည်။ ထို့ပြင် ပြေကျွန်း (အလယ်ရွာ) တွင်လည်း ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ (၁)ဦး ရှိခဲ့ပါသည်။

**<u>ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှုဦးရေ</u>**





**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

## အိမ်ခြေထိခိုက်ပျက်စီးမှု (ပေါက်တောမြို့နယ်)

လေ့လာဆန်းစစ်ခဲ့သော ပေါက်တောမြို့နယ်မှ ကျေးရွာ(၅)ရွာတွင် အိမ်ခြေ **၁၀၀ ရာခိုင်နှုန်း** ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ(၄)ရွာရှိခဲ့သည်။ **(၅၉%)ရာခိုင်နှုန်း** ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ(၁) ရှိခဲ့ပါသည်။ **၁၀၀ ရာခိုင်နှုန်း** ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ(၄)ရွာမှာ သဲခုံကျေးရွာ၊ သရက်တောကျေးရွာ၊ ကြိမ်ချွေမော်ကျေးရွာနှင့် ငပြီကျွန်း (အလယ်ရွာ) ကျေးရွာ တို့ဖြစ်ပါသည်။

**<u>အိမ်ခြေထိခိုက်ပျက်စီးမှု ရာခိုင်နှုန်း</u>**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

**သဲခုံကျေးရွာ**ရှိ စုစုပေါင်းအိမ်ခြေ အားလုံးထဲမှ အိမ်ခြေ (၉၅.၅၆%) ရာခိုင်နှုန်းမှာ အမြင့်ဆုံး ထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့ပြီး ကျန် (၄.၄၄%)ရာခိုင်နှုန်းမှာ အသင့်အတင့်ထိခိုက်ပျက်စီး(လူနေ၍မရ)ခဲ့ပါသည်။

**သရက်တောကျေးရွာ**တွင် ကျေးရွာရှိ စုစုပေါင်းအိမ်ခြေအားလုံးထဲမှ အိမ်ခြေ (၃၆.၆၂%)ရာခိုင်နှုန်းမှာ အမြင့်ဆုံး ထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့ပြီး (၄၉.၈၇%)ရာခိုင်နှုန်းမှာ အသင့်အတင့် ထိခိုက်ပျက်စီး(လူနေ၍မရ) ခဲ့ပါသည်။ (၁၃.၅၁%)ရာခိုင်နှုန်းမှာ အနည်းငယ် ထိခိုက်ပျက်စီး (လူနေ၍ရ)ခဲ့ပါသည်။

**ကြိမ်ချွေမော်**ကျေးရွာတွင် ကျေးရွာရှိ စုစုပေါင်းအိမ်ခြေအားလုံးထဲမှ အိမ်ခြေ (၁၄.၆၅%)ရာခိုင်နှုန်းမှာ အမြင့်ဆုံး ထိခိုက်ပျက်စီး(လူနေ၍မရ)မှုရှိ ခဲ့ပြီး (၈၂.၇၈%)ရာခိုင်နှုန်းမှာ အသင့်အတင့် ထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့ပါသည်။ ကျန် (၂.၅၇%)ရာခိုင်နှုန်းမှာ အနည်းငယ် ထိခိုက်ပျက်စီး(လူနေ၍ရ) ခဲ့ပါသည်။

**ငပြီကျွန်း(အလယ်ရွာ)** ကျေးရွာတွင် ကျေးရွာရှိ စုစုပေါင်း အိမ်ခြေအားလုံးထဲမှ အိမ်ခြေ (၉၁.၆၇%)ရာခိုင်နှုန်းမှာ အမြင့်ဆုံး ထိခိုက်ပျက်စီး (လူနေ၍မရ)ခဲ့ပြီး (၈.၃၃%)ရာခိုင်နှုန်းမှာ အသင့်အတင့် ထိခိုက်ပျက်စီး(လူနေ၍ရ) ခဲ့ပါသည်။

**ငှက်ချောင်းIDP(၂)**ကျေးရွာတွင် ကျေးရွာရှိ စုစုပေါင်းအိမ်ခြေအားလုံးထဲမှ အိမ်ခြေ (၅၉%)ရာခိုင်နှုန်း ထိခိုက်ပျက်စီး ခဲ့ပါသည်။ ၎င်းအထဲတွင် ၃၈.၁၅% ရာခိုင်နှုန်းမှာ အမြင့်ဆုံးထိခိုက်ပျက်စီး(လူနေ၍မရ)ခဲ့ပြီး (၁၈.၇၄%)ရာခိုင်နှုန်းမှာ

အသင့်အတင့် ထိခိုက်ပျက်စီး(လူနေ၍မရ)ခဲ့ပါသည်။ ကျန်ရှိသည့် (၁.၇%)ရာခိုင်နှုန်းမှာ အနည်းငယ် ထိခိုက်ပျက်စီး (လူနေ၍ရ) ခဲ့သည့် အိမ်ခြေများ ဖြစ်ပါသည်။




**သဲခုံကျေးရွာမှ ငြင်းချောင်းကျေးရွာသို့ ပြောင်းရွှေ့နေကြသည့် ကျေးရွာသားအချို့ (ပေါက်တောမြို့နယ်)**

## ပြောင်းရွှေ့နေထိုင်ရမှု (ပေါက်တောမြို့နယ်)

ပေါက်တောမြို့နယ်အတွင်း လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သော ကျေးရွာ(၅)ရွာတွင် မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ခြင်းကြောင့် မူလနေထိုင်ရာ နေအိမ်များတွင် ကောင်းစွာ ဆက်လက်နေထိုင်၍ မရနိုင်သည့် အတွက် အခြားသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ကျေးရွာ (၃)ရွာရှိပါသည်။

**<u>ပြောင်းရွှေ့နေထိုင်ရမှု ရာခိုင်နှုန်း</u>**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ပထမအများဆုံးကျေးရွာမှာ ငပြီကျွန်း(အလယ်ရွာ)ဖြစ်ပြီး ကျေးရွာတွင်းရှိသည့် အိမ်ထောင်စုများထဲမှ (၅၀%)ရာခိုင်နှုန်းသော အိမ်ထောင်စုများမှာ ၎င်းတို့၏ မူလနေထိုင်ရာ နေအိမ်မှ နီးစပ်ရာကျေးရွာများသို့ ပြောင်းရွှေ့ နေထိုင်နေကြရပါသည်။

ဒုတိယအများဆုံးကျေးရွာမှာ သဲခုံကျေးရွာဖြစ်ပြီး မူလနေထိုင်ရာ နေအိမ်မှ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်နေကြရသည့် အိမ်ထောင်းစု (၁၆.၁၃%)ရာခိုင်နှုန်း ရှိပါသည်။ ၎င်းအထဲတွင် ကျေးရွာတွင်း ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများတွင် ခိုလှုံနေကြရသည့် အိမ်ထောင်စုများနှင့် နီးစပ်ရာကျေးရွာများသို့ ပြောင်းရွှေ့သွားကြသော အိမ်ထောင်စုများ ပါဝင်ပါသည်။


တတိယကျေးရွာမှာ ကြိမ်ခွေမော်ကျေးရွာဖြစ်ပြီး မူလနေထိုင်ရာ နေအိမ်မှ ဘုန်းတော်ကြီးကျောင်းတွင် ခိုလှုံနေကြရသည့် အိမ်ထောင်စု (၃.၃၂%)ရာခိုင်နှုန်းရှိပါသည်။

## ရေတွင်း၊ ရေကန်နှင့် ရေတုံကင် (အဝီစိတွင်း) ပျက်စီးမှု (ပေါက်တောမြို့နယ်)

ပေါက်တောမြို့နယ်မှ ကျေးရွာ (၅)ရွာထဲတွင် ကျေးရွာအများစုမှာ ရေတွင်း၊ ရေကန်များမှ ရရှိသည့် ရေများကို အဓိက သောက်သုံးနေကြရပါသည်။ ၎င်းအထဲမှ သဲခုံကျေးရွာတစ်ရွာမှျသာ ရေကန်မရှိဘဲ ရေတွင်းနှင့် ရေတုံကင်(အဝီစိတွင်း) မှ ရရှိသည့် ရေများကို အဓိက သောက်သုံးနေကြရပါသည်။ ကျေးရွာ(၅)ရွာထဲတွင် ရေတွင်း၊ ရေကန်နှင့် ရေတုံကင် (အဝီစိတွင်း)များ (၁၀၀%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာ(၃)ရွာ နှင့် (၈၀%)ရာခိုင်နှုန်းကျော် ပျက်စီးခဲ့သော ကျေးရွာ (၂)ရွာ ရှိခဲ့ပါသည်။

ရေတွင်း၊ ရေကန်နှင့် ရေတုံကင်(အဝီစိတွင်း) များ (၁၀၀%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာ (၃)ရွာမှာ သဲခုံကျေးရွာ၊ ငပြီကျွန်း(အလယ်ရွာ)နှင့် သရက်တောကျေးရွာတို့ ဖြစ်ပါသည်။ (၈၀%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာ(၂)ရွာမှာ ကြိမ်ချောင်းမော်ကျေးရွာနှင့် ငှက်ချောင်း IDP (၂) တို့ ဖြစ်ကြပါသည်။

**<u>ရေတွင်း၊ ရေကန်၊ ရေတုံကင်(အဝီစိတွင်း) ပျက်စီးမှု ရာခိုင်နှုန်း</u>**





**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ရေတွင်း၊ ရေကန်များနှင့် ရေတုံကင်(အဝီစိတွင်း)များအားလုံးတွင် ဆားငန်ရေဝင်ရောက်ခြင်းများ ရှိကြပါသည်။ ၎င်းအထဲမှ သဲခုံကျေးရွာသည် အခြားကျေးရွာများကဲ့သို့ ရေကန်များ မရှိပဲ သောက်သုံးရေအတွက် ရေတွင်းနှင့် ရေတုံကင် (အဝီစိတွင်း)မှ ရရှိသည့် ရေများကိုသာ အဓိက အသုံးပြုနေကြရပါသည်။ မုန်တိုင်းမတိုင်ခင် အချိန်ကာလ ကတည်းကပင် ရာသီဥတုကို အခြေခံ၍ ဆားငန်ရေများ ပြောင်းလဲဖြစ်ပေါ်ခြင်း၊ မုန်တိုင်းကာလတွင် ရေကြီး၊ ရေလျှံ ဖြစ်ခဲ့ခြင်းများကြောင့် ရေများမှာ ဆားငန်ဓါတ် အရသာများရှိခြင်း၊ မသန့်ရှင်းခြင်းများကြောင့် မိုးရေကို တစ်ပိုင်တစ်နိုင်ခံယူသိုလှောင်၍ အသုံးပြုနေကြရပါသည်။ မိုးမရွာသည့် ကာလများတွင် ပြင်ပအလှူရှင်များမှ သောက်ရေများကို လာရောက်လှူဒါန်းခြင်းများ ရှိသော်လည်း ကျေးရွာရှိ အိမ်ထောင်စု အားလုံးအတွက် လောက်ငနိုင်ရန် လိုအပ်နေသေး သည့်အတွက် အစားအသောက်များ ချက်ပြုတ်ရာ၌ ဆားငန်ရေများကိုသာ ဆက်လက် အသုံးပြုနေရဆဲ ဖြစ်ပါသည်။

## အိမ်သာစနစ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ပြဿနာ (ပေါက်တောမြို့နယ်)

ကျေးရွာများအားလုံးသည် ယင်လုံအိမ်သာ အသုံးပြုမှုမှာ အားနည်းနေလျှက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် အိမ်သာများ ပျက်စီးသွားခဲ့ရခြင်း၊ မုန်တိုင်းမတိုင်ခင် အချိန်ကတည်းကပင် ယင်လုံအိမ်သာ စနစ်အသုံးပြုမှုနည်းပါးခဲ့ခြင်းများနှင့် မုန်တိုင်းနှင့် အတူပါလာသည့် အမှိုက်များ၊ ဆားငန်ရေများဝင်ရောက်နေသည့် ရေတွင်း၊ ရေကန်များမှ ရေများကို မလွဲမရှောင်သာ အသုံးပြုနေရခြင်းများကြောင့် ကျေးရွာ(၃)ရွာ၌ ဝမ်းပျက်၊ဝမ်းလျှောရောဂါနှင့် အရေပြား ရောဂါများ ဖြစ်ပွားလျက် ရှိနေပါသည်။ ကြိမ်ခွေမော်ကျေးရွာနှင့် ငှက်ချောင်းIDP (၂) တွင် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါဖြစ်ပွားသည့် လူဦးရေ (၁၀၀)နှင့် အထက်ရှိနေပြီး သဲခုံကျေးရွာတွင် လူဦးရေ (၂၀မှ ၄၀)ဦးခန့် ဖြစ်ပွားနေလျှက် ရှိပါသည်။ ဖြစ်ပွားမှုများထဲတွင် အသက် (၅)နှစ်နှင့် (၁၈)နှစ်ကြား အရွယ်များမှာ အဖြစ်များနေကြပါသည်။

**<u>ဝမ်းပျက်၊ ဝမ်းလျှောနှင့် အရေပြားရောဂါ ဖြစ်ပွားသည့် လူဦးရေ</u>**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ကျေးရွာအများစုတွင် ကျန်းမာရေး ဝန်ထမ်းများ မလုံလောက်ခြင်း၊ ဆေးဝါးများ မပြည့်စုံခြင်းများကြောင့် လူနာ အနည်းငယ်မျှသာ ကျန်းမာရေးဝန်ထမ်းများရှိရာ ကျေးရွာများနှင့် မြို့ပေါ်သို့သွားရောက်၍ ကုသခံယူမှု ခံယူနေကြပြီး လူနာအများစုမှာ ငွေကြေးအဆင်မပြေမှုများ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများကြောင့် ၎င်းတို့နေထိုင်ရာ ကျေးရွာ၌ပင် ဆေးမြီးတိုများဖြင့် ကုသနေကြပါသည်။

## အခက်အခဲနှင့် စိန်ခေါ်မှုများ (ပေါက်တောမြို့နယ်)

ပေါက်တောမြို့နယ်မှ ကျေးရွာ(၅)ရွာတွင် အိုးအိမ်များ၊ ရေတွင်းနှင့် ရေတိုကင်(အဝီစိတွင်း)များ ထိခိုက်ပျက်စီးခဲ့ပြီး ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများမှာ မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ခြင်း၊ ကျွဲနွားများ သေဆုံးခဲ့ခြင်းများ ရှိခဲ့ပါသည်။ ထို့ပြင်ကျေးရွာအများစုသည် ပင်လယ်၊ မြစ်ချောင်းများနှင့် နီးစပ်သည့် နေရာများတွင် တည်ရှိကြသည့်အတွက် ရေကြီး၊ ရေလျှံမှုများပါ ခံစားခဲ့ရကာ စပါးကျီများ ရေနစ်မြုပ်ခဲ့ခြင်း၊ လယ်မြေများအတွင်း ဆားငန်ရေများ ဝင်ရောက်ခြင်းများရှိခဲ့ပါသည်။

၎င်းအထဲမှ အိမ်ထောင်စုအများစု ရေလုပ်ငန်း လုပ်ကိုင်သည့် သဲခုံကျေးရွာသည် ပင်လယ်ကမ်းစပ် ကျေးရွာတစ်ရွာဖြစ်ပြီး မုန်တိုင်းကြောင့် ရေကြီး၊ ရေလျှံ ဖြစ်ခဲ့ရာ ကျေးရွာမြေပြိုခြင်း၊ လှေ၊ ငါးဖမ်းပိုက်၊ စက်ပစ္စည်းများနှင့် အခြားသော ရေလုပ်ငန်းသုံး ပစ္စည်းများ၊ အိုးအိမ်များနှင့် ရေတွင်း၊ ရေတိုကင်(အဝီစိတွင်း)များသို့ ဆားငန်ရေ ဝင်ရောက်ခဲ့ခြင်းများမှာ အမြင့်ဆုံး ထိခိုက် ပျက်စီးမှုများ ဖြစ်ခဲ့ပါသည်။ လက်ရှိတွင် ကျေးရွာအများစုမှာ သန့်ရှင်းရေး မပြုလုပ်ရသေးသည့် ရေတွင်း၊ ရေကန်များမှ ရေများနှင့် မိုးရွာသွန်းချိန်တွင် မိုးရေများကို ခံယူ၍ အသုံးပြု နေကြပါသည်။

လက်ရှိတွင် သရက်တောကျေးရွာမှ လွဲ၍ အခြား ကျေးရွာ(၄)ရွာတွင် (၅)နှစ်အောက် ကလေးငယ်များ အပါအဝင် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါများ ဖြစ်ပွားလျှက်ရှိနေပြီး ဆေးဝါးများ လိုအပ်လျှက်ရှိနေပါသည်။ ထို့ပြင် ကျေးရွာအားလုံးတွင် လတ်တလော စားဝတ်နေရေးအတွက် အရေးပေါ်လိုအပ်ချက်များ ရှိနေကြပြီး မူလအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြန်လည်မတည်ရန် အရင်းအနှီး မလုံလောက်ခြင်း၊ မိုးရာသီကာလ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း စသည့် စိန်ခေါ်မှုများကို ရင်ဆိုင် ကြုံတွေ့နေကြရပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများအနေဖြင့် အာဏာပိုင်အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့အစည်း စသည့် ကူညီထောက်ပံ့ရေး အဖွဲ့အစည်းအချို့နှင့် ပုဂ္ဂလိက အလှူရှင်အချို့ တို့မှ သောက်သုံးရေ၊ ဆန်၊ အမိုးအကာနှင့် ငွေကြေးအချို့ တို့ကို ကျေးရွာအချို့တွင်သာ လာရောက် ကူညီတောက်ပံ့မှုများ ရှိနေပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်နစ်နာခဲ့သော အိမ်ထောင်စုများအားလုံးအတွက် လွှမ်းခြုံနိုင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုများ အခြားသော မြို့နယ်များကဲ့သို့ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး အကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။

## ဦးစားပေးလိုအပ်ချက်များ (ပေါက်တောမြို့နယ်)

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | အရေးပေါ် လိုအပ်ချက်များ | အခြား လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ကြိမ်ချောင်းမော် | ကြိမ်ချောင်းမော် | စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ဆေးဝါး | မျိုးစပါး၊ |
| ၂ | သရက်တော | ငပြီကျွန်း | အမိုးအကာ | |
| ၃ | ငပြီကျွန်း(အလယ်ရွာ) | ငပြီကျွန်း | အမိုးအကာ | |
| ၄ | သဲခုံ | ငြင်းချောင်း | ရေ၊ အမိုးအကာ၊ စားနပ်ရိက္ခာ | ကျေးရွာမြေနေရာ |
| ၅ | ၄က်ချောင်းIDP(၂) | ပုဏ္ဏားကြီး | စားနပ်ရိက္ခာ၊ အမိုးအကာ၊ ဆေးဝါး | |


**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

## ပုဏ္ဏားကျွန်းမြို့နယ်

### ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှု (ပုဏ္ဏားကျွန်းမြို့နယ်)

ပုဏ္ဏားကျွန်းမြို့နယ်တွင်း လေ့လာဆန်းစစ်ခဲ့သော ကျေးရွာ(၅)ရွာထဲတွင် ရဲရိုးပြင် ကျေးရွာတစ်ရွာမှာ အသက်(၁၈)နှစ်အထက်အရွယ် ထိခိုက်ဒဏ်ရာရရှိသူ (၁)ဦး ရှိခဲ့ပြီး ကျန်(၄)ရွာမှာ ထိခိုက် သေဆုံးသူများ မရှိခဲ့ပါ။

**<u>ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှုဦးရေ</u>**





**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

## အိမ်ခြေထိခိုက်ပျက်စီးမှု (ပုဏ္ဏားကျွန်းမြို့နယ်)

လေ့လာဆန်းစစ်ခဲ့သော ပုဏ္ဏားကျွန်းမြို့နယ်မှ ကျေးရွာ(၅)ရွာတွင် အိမ်ခြေ **၁၀၀ ရာခိုင်နှုန်း** ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ(၂)ရွာ ကုလားချောင်းကျေးရွာနှင့် ပလီမော်ကျေးရွာနှင့် အိမ်ခြေ (၉၀%)ရာခိုင်နှုန်းကျော် ထိခိုက်ပျက်စီးခဲ့သော ကျေးရွာ (၃)ရွာ မဏ္ဍလာကျကျေးရွာ၊ ရဲရိုးပြင်ကျေးရွာနှင့် ဆားတောင်ပို့ကျေးရွာတို့ ရှိခဲ့ပါသည်။

**အိမ်ခြေထိခိုက်ပျက်စီးမှု ရာခိုင်နှုန်း**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

**<u>(၁၀၀%)ရာခိုင်နှုန်း ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာများ-</u>**

**ကုလားချောင်း**ကျေးရွာတွင် ကျေးရွာရှိ အိမ်ခြေအားလုံးထဲမှ အိမ်ခြေ(၇.၇၁%)ရာခိုင်နှုန်းမှာ အမြင့်ဆုံး ထိခိုက်ပျက်စီး(လူနေ၍မရ)ခဲ့ပြီး အိမ်ခြေ(၈၄.၃၄%)ရာခိုင်နှုန်းမှာ အသင့်အတင့် ထိခိုက်ပျက်စီး (လူနေ၍မရ) ခဲ့ပါသည်။ ကျန်ရှိသည့် အိမ်ခြေ (၇.၉၅%)ရာခိုင်နှုန်းမှာ အနည်းငယ် ထိခိုက်ပျက်စီး (လူနေ၍ရ) ခဲ့ပါသည်။

**ပလီမော်**ကျေးရွာတွင် ကျေးရွာရှိ အိမ်ခြေများအားလုံးထဲမှ အိမ်ခြေ (၃၇.၅၀%)ရာခိုင်နှုန်းမှာ အမြင့်ဆုံး ထိခိုက်ပျက်စီး(လူနေ၍မရ)ခဲ့ပြီး အိမ်ခြေ (၆၂.၅၀%)ရာခိုင်နှုန်းမှာ အသင့်အတင့် ပျက်စီး(လူနေ၍မရ)ခဲ့ပါသည်။

**<u>(၉၀%)ရာခိုင်နှုန်းကျော် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာများ-</u>**

**မဏ္ဍလာကျ**ကျေးရွာတွင် ကျေးရွာရှိ အိမ်ခြေများအားလုံးထဲမှ အိမ်ခြေ (၉၆.၇၃%)ရာခိုင်နှုန်း ထိခိုက်ပျက်စီးခဲ့ပါသည်။ ၎င်းအထဲတွင် အိမ်ခြေ (၈.၅၀%)ရာခိုင်နှုန်းမှာ အမြင့်ဆုံး ထိခိုက်ပျက်စီး (လူနေ၍မရ)နှင့် (၈၈.၂၄%) ရာခိုင်နှုန်းမှာ အသင့်အတင့် ထိခိုက်ပျက်စီး (လူနေ၍မရ)များပါဝင်ပါသည်။

**ရဲရိုးပြင်**ကျေးရွာတွင် ကျေးရွာရှိ အိမ်ခြေများအားလုံးထဲမှ အိမ်ခြေ (၉၅.၂၄%)ရာခိုင်နှုန်း ထိခိုက်ပျက်စီးမှုများ ရှိခဲ့ပါသည်။ ၎င်းအထဲတွင် (၉.၅၂%)ရာခိုင်နှုန်း အမြင့်ဆုံး ထိခိုက်ပျက်စီး(လူနေ၍မရ)၊ အိမ်ခြေ (၂၈.၅၇%)

ရာခိုင်နှုန်းမှာ အသင့်အတင့် ထိခိုက်ပျက်စီး(လူနေ၍မရ)ခဲ့ပြီး ကျန်ရှိသည့် ၅၇.၁၄%) ရာခိုင်နှုန်းမှာ အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ခြေများ ပါဝင်ပါသည်။





**ပုဏ္ဏားကျွန်းမြို့နယ်၊ ရဲရိုးပြင်ကျေးရွာမှ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်တစ်ဆောင်**

## ပြောင်းရွှေ့နေထိုင်နေရမှု (ပုဏ္ဏားကျွန်းမြို့နယ်)

ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သော ကျေးရွာ(၅)ရွာတွင် မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ခြင်းကြောင့် မူလနေထိုင်ရာ နေအိမ်များတွင် ကောင်းစွာ ဆက်လက်နေထိုင်၍ မရနိုင်သည့် အတွက် အခြားသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ကျေးရွာ (၅)ရွာရှိပါသည်။

**<u>ပြောင်းရွှေ့နေထိုင်ရမှု ရာခိုင်နှုန်း</u>**




**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

**ပထမအများဆုံး** ကျေးရွာမှာ ပလီမော်ကျေးရွာဖြစ်ပြီး မူလနေထိုင်ရာ နေအိမ်များမှ ဆွေမျိုး/မိတ်ဆွေများ၏ နေအိမ်များ၊ တာပေါ်လင်စများဖြင့် ယာယီတဲ/အဆောင်များ ပြုလုပ်၍ နေထိုင်နေကြရသည့် အိမ်ထောင်စု (၃၃.၃၃%)ရာခိုင်နှုန်း ရှိပါသည်။

**ဒုတိယအများဆုံး** ကျေးရွာမှာ ရဲရိုးပြင်ကျေးရွာဖြစ်ပြီး ပြောင်းရွှေ့နေထိုင်နေကြရသည့် အိမ်ထောင်စု (၁၂.၇၀%) ရာခိုင်နှုန်း ရှိပါသည်။ ၎င်းတို့မှာ ဆွေမျိုး/မိတ်ဆွေများ၏ အိမ်များတွင် အကူအညီတောင်းခံ၍ ခိုလှုံနေခြင်းနှင့် တာပေါ်လင်စများဖြင့် ယာယီတဲ/အဆောင်များ ဆောက်လုပ်၍ နေထိုင်နေကြရပါသည်။

**တတိယအများဆုံး** ကျေးရွာများမှာ မက္ကလာကျကျေးရွာနှင့် ဆားတောင်ပို့ကျေးရွာ တို့ဖြစ်ကြပါသည်။ မက္ကလာကျ ကျေးရွာတွင် (၈.၄၇%)ရာခိုင်နှုန်းရှိပြီး ဆားတောင်ပို့ကျေးရွာတွင် (၈.၁၁%)ရာခိုင်နှုန်း ရှိပါသည်။ ဤကျေးရွာ(၂)ရွာမှ ပြောင်းရွှေ့နေထိုင်ကြရသူများမှာ ဆွေမျိုး/မိတ်ဆွေများ၏ အိမ်များတွင် အကူအညီတောင်းခံ၍ ခိုလှုံနေခြင်းနှင့် တာပေါ်လင်စများဖြင့် ယာယီတဲ/အဆောင်များ ဆောက်လုပ်၍ နေထိုင်နေကြရပါသည်။


ကုလားချောင်းကျေးရွာတွင် ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၄%)ရာခိုင်နှုန်းသော အိမ်ထောင်စုများမှာလည်း အခြားကျေးရွာများမှ အိမ်ထောင်စုများကဲ့သို့ပင် ဆွေမျိုး/မိတ်ဆွေများ၏ အိမ်များတွင် အကူအညီတောင်းခံ၍ ခိုလှုံနေခြင်းနှင့် အချို့သော အိမ်ထောင်စုများမှာ တာပေါ်လင်စများဖြင့် ယာယီတဲ/အဆောင်များ ဆောက်လုပ်၍ နေထိုင် နေခြင်းများ ရှိနေကြပါသည်။

## ရေတွင်း၊ ရေကန် ပျက်စီးမှု (ပုဏ္ဏားကျွန်းမြို့နယ်)

ပုဏ္ဏားကျွန်းမြို့နယ်မှ ကျေးရွာ (၅)ရွာထဲတွင် ကျေးရွာအများစုမှာ မက္ကလာကျကျေးရွာတစ်ရွာသာလျှင် ရေတွင်းနှင့် ရေကန်မှ ရရှိသည့်ရေများကို သောက်သုံးနေကြခြင်းဖြစ်ပြီး ကျန်ကျေးရွာ(၄)ရွာမှာ ရေကန်များမှရေကိုသာ အဓိက အားထား နေကြရခြင်းဖြစ်ပါသည်။ ကျေးရွာ(၅)ရွာထဲတွင် (၁၀၀%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာ(၃)ရွာ၊ (၈၀%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာ (၁)ရွာနှင့် (၇၅%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာ(၁)ရွာ ရှိခဲ့ပါသည်။

ရေတွင်း၊ ရေကန် (၁၀၀%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာ(၃)ရွာမှာ ကုလားချောင်းကျေးရွာ၊ ရဲရိုးပြင်ကျေးရွာ၊ ဆားတောင်ပို့ကျေးရွာတို့ ဖြစ်ကြပါသည်။ (၈၀%)ရာခိုင်နှုန်း ပျက်စီးခဲ့သော ကျေးရွာမှာ ရဲရိုးပြင်ကျေးရွာဖြစ်ပြီး (၇၅%)ရာခိုင်နှုန်းပျက်စီးခဲ့သော ကျေးရွာမှာ ဆားတောင်ပို့ကျေးရွာ ဖြစ်ပါသည်။

**<u>ရေတွင်း၊ ရေကန် ပျက်စီးမှု ရာခိုင်နှုန်း</u>**





**ရင်းမြစ် - ထိခိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ရေတွင်း၊ ရေကန်များ အားလုံးမှာ မုန်တိုင်းဒဏ်ကြောင့် ဆားငန်ရေများ ဝင်ရောက်ခြင်း၊ ရေကန် ခြံစည်းရိုးများ ပျက်စီးခြင်းနှင့် အမှိုက်များ ဝင်ရောက်လျှက် ရှိနေပါသည်။ တစ်နှစ်ပတ်လုံးအတွက် မိုးရေများကို အဓိက သိုလှောင်၍ အသုံးပြုကြရသည့်အတွက် ရေကန်များသို့ ဝင်ရောက်လျှက်ရှိနေသည့် ဆားငန်ရေများအား ပြန်လည် စုပ်ထုတ်ရန် လိုအပ်လျှက် ရှိနေကြပါသည်။

## အိမ်သာစနစ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ပြဿနာ (ပုဏ္ဏားကျွန်းမြို့နယ်)

ကျေးရွာ(၅)ရွာထဲတွင် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါများ ဖြစ်ပွားနေသည့် ကျေးရွာ (၃)ရွာ ရှိပါသည်။ ၎င်းကျေးရွာများမှာ ဆားငန်ရေ၊ ပလပ်စတစ်နှင့် အခြားသော အမှိုက်များ ကျရောက်လျှက် ရှိနေသည့် ရေကန်များမှ ရေများကို သောက်သုံးနေကြရပြီး ၎င်းအထဲတွင် ရဲရိုးပြင်ကျေးရွာမှာ လူဦးရေ (၈၀မှ၁၀၀)ဦးခန့်၊ ကုလားချောင်းကျေးရွာတွင် လူဦးရေ (၄၀မှ၆၀)ဦးခန့်၊ ဆားတောင်ပို့ ကျေးရွာတွင် လူဦးရေ (၁၀မှ၂၀)ဦးခန့်မှာ ဝမ်းပျက်၊ ဝမ်းလျှော ရောဂါများ ဖြစ်ပွားနေကြပါသည်။

**<u>ဝမ်းပျက်၊ ဝမ်းလျှောနှင့် အရေပြားရောဂါ ဖြစ်ပွားသည့် လူဦးရေ</u>**




**ရင်းမြစ် - ထိနိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

ကျေးရွာအများစုမှာ ကျေးလက် ဆေးပေးခန်းများ မရှိခြင်းများကြောင့် နီးစပ်ရာ ကျေးလက်ဆေးပေးခန်းများသို့ သွားရောက် ကုသမှု ခံယူနေကြပြီး အချို့သောသူများမှာ စစ်တွေမြို့သို့ လာရောက်ကုသမှု ခံယူနေကြပါသည်။

### အခက်အခဲနှင့် စိန်ခေါ်မှုများ (ပုဏ္ဏားကျွန်းမြို့နယ်)

ပုဏ္ဏားကျွန်းမြို့နယ်မှ ကျေးရွာ(၅)ရွာသည် ရေကန်မှ ရရှိသည့် ရေကို အဓိက အားထားရပါသည်။ မုန်တိုင်းဒဏ်ကြောင့် ကျေးရွာရှိ ရေကန်များ အားလုံး နီးပါးသို့ ဆားငန်ရေများ ဝင်ရောက်ခြင်း၊ အဆောက်အအုံပျက် အပိုင်းအစများ၊ ပလပ်စတစ် အမှိုက်များ၊ သစ်ကိုင်း၊ သစ်ရွက်များ ကျရောက်ခဲ့ခြင်းများဖြင့် ရေကန်အများစုမှာ ပျက်စီးခဲ့ရပါသည်။ သောက်သုံးရေအတွက် အချို့ကျေးရွာများသို့ ပြင်ပအဖွဲ့အစည်းများမှ လာရောက်လှူဒါန်းခြင်းများ ရှိကြသော်လည်း အချို့သော ကျေးရွာများမှာ နီးစပ်ရာ ကျေးရွာများမှ ရေကို ရေလမ်းကြောင်းဖြင့် သွားရောက်ခပ်ယူ အသုံးပြုကြရပါသည်။ လက်ရှိတွင်ကျေးရွာအများစုမှာ သန့်ရှင်းရေးမပြုလုပ်ရသေးသည့် ရေကန်များမှ ရေများနှင့် မိုးရွာသွန်းချိန်တွင် မိုးရေများကို ခံယူ၍ အသုံးပြုကြပါသည်။

လက်ရှိတွင် ကျေးရွာ(၃)ရွာ (ကုလားချောင်း၊ ရဲရိုးပြင်၊ ဆားတောင်ပို့) တွင် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါများ ဖြစ်ပွားနေလျှက် ရှိပါသည်။ ပြင်ပမှ ကူညီထောက်ပံ့မှုများအနေဖြင့် အာဏာပိုင်အဖွဲ့အစည်းနှင့် ရပ်ရွာအသိုင်းအဝိုင်း အလှူရှင်အချို့တို့သာ ရှိနေပြီး အခြားမြို့နယ်များနည်းတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုများ ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်မှုမှာ အားနည်းနေပါသေးသည်။

### ဦးစားပေးလိုအပ်ချက်များ (ပုဏ္ဏားကျွန်းမြို့နယ်)

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | အရေးပေါ် လိုအပ်ချက်များ | အခြား လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ကုလားချောင်း | မက္ကလာကျ | အမိုးအကာ၊ ဆေးဝါး | စားနပ်ရိက္ခာ၊ မျိုးစပါး၊ |
| ၂ | ရဲရိုးပြင် | ခမောင်းတော | အမိုးအကာ | ဆေးဝါး |
| ၃ | မက္ကလာကျ | မက္ကလာကျ | စားနပ်ရိက္ခာ၊ အမိုးအကာ၊ ဆေးဝါး၊ | ယင်လုံအိမ်သာ |
| ၄ | ဆားတောင်ပို့ | အောင်ဇေယျ | အမိုးအကာ၊ ယင်လုံအိမ်သာ | မျိုးစပါး |
| ၅ | ပလီမော် | ကျွဲထိုး | အမိုးအကာ | |

**ရင်းမြစ် - ထိနိုက်သက်ရောက်မှုစစ်တမ်း - ရပ်မိရပ်ဖ၊ ကျေးရွာခေါင်းဆောင်**

## နိဂုံး

မိုခါမုန်တိုင်းပြီးနောက်ပိုင်းတွင် ယခုလေ့လာ ဆန်းစစ်ခဲ့သော ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်းမြို့နယ် (၃)မြို့နယ်မှ မြို့ပေါ်ရပ်ကွက် (၄)ခုနှင့် ကျေးရွာ(၁၄)ရွာတို့တွင် အသက်၊ အိုးအိမ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် ဘာသာရေး အဆောက်အအုံများ ပျက်စီးဆုံးရှုံး ခဲ့ရပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားသော စီးပွားရေးလုပ်ငန်းများမှာ များစွာ ပျက်စီးဆုံးရှုံး ခဲ့ပါသည်။

**စားဝတ်နေရေး**နှင့် ပတ်သက်၍ ဆန်၊ စပါးများ ဆုံးရှုံးခဲ့ခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်လာခြင်း၊ မိုးရာသီကာလ အလုပ်အကိုင် ရှားပါးခြင်းများကြောင့် အချို့သော အိမ်ထောင်စုများမှာ နေ့စဉ် ထမင်းနပ်မှန်အောင် စားနိုင်ရေးအတွက် များစွာ ခက်ခဲကြပ်တည်းနေလျှက် ရှိနေပါသည်။ ထို့ပြင် ပျက်စီးဆုံးရှုံးခဲ့သည့် အိုးအိမ်များ ပြန်လည်တည်ဆောက် နိုင်ရေးနှင့် စီးပွားရေး လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးတို့အတွက်လည်း စိုးရိမ်ပူပန်မှုများ ရှိနေကြပါသည်။

ကျေးရွာများတွင် **ကောင်းမွန်သော သောက်သုံးရေ** ရရှိရေးနှင့် ပတ်သက်၍ ဒေသခံပြည်သူများမှာ ရေတွင်း၊ ရေကန်များတွင် ရှိနေသော ဆားငန်ရေနှင့် အမှိုက်များအား ရှင်းလင်းချင်သည့် စိတ်ဆန္ဒများ ရှိကြသော်လည်း ငွေကြေး မတတ်နိုင်ခြင်း၊ စက်ပစ္စည်းများ မရှိခြင်း စသည့် အခက်အခဲများကြောင့် ကျေးရွာအများစုမှာ ဆားငန်ရေနှင့် အမှိုက်များ မရှင်းလင်း ရသေးသည့် ရေကန်များမှ ရေများကို ဆက်လက် အသုံးပြုနေကြရပါသည်။ ထို့ပြင် မိုးရေများကို ခံယူ၍လည်း အသုံးပြုနေ ကြရပါသည်။ ပျက်စီးသွားခဲ့သည့် ရေတွင်း၊ ရေကန်များမှ ဆားငန်ရေနှင့် အမှိုက်များအား အချိန်မီ ရှင်းလင်းနိုင်ပါက လာမည့် ရာသီ(ဆောင်း၊နွေ)များအတွက် သန့်ရှင်းရေး လုပ်ထားသည့် ရေတွင်း၊ ရေကန်များမှ ရေများကို ဒေသခံများ အနေဖြင့် ယခင် မုန်တိုင်းမတိုင်ခင် ကာလအတိုင်း အသုံးပြုသွားနိုင်မည် ဖြစ်ပါသည်။

**ပတ်ဝန်းကျင်သန့်ရှင်းရေး**နှင့် ပတ်သက်၍ ကျေးရွာအများစုမှာ ရေမြောင်းစနစ်များ မရှိခြင်း၊ ယင်လုံအိမ်သာစနစ် အသုံးပြုမှု အားနည်းနေခြင်းနှင့် ကျန်းမာရေး လက်လှမ်းမှီမှုများမှာလည်း ဆက်လက် အားနည်းနေလျှက် ရှိနေခြင်းများကြောင့် ကလေးငယ်များအပါအဝင် ဒေသခံပြည်သူများမှာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အရေပြားရောဂါနှင့် တုတ်ကွေး ရောဂါများ ဖြစ်ပွားနေလျှက် ရှိနေကြပါသည်။

**လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ရေး**နှင့် ပတ်သက်၍ မြို့ပေါ်နှင့် မြို့နှင့် နီးစပ်ရာ ကျေးရွာများ (အချို့) သို့သာ လာရောက် ကူညီထောက်ပံ့မှုများ ရှိနေသေးပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်နစ်နာခဲ့သော အိမ်ထောင်စုများအားလုံးအတွက် လွှမ်းခြုံနိုင်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုန့်ပြန်မှုများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးမှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။

## နောက်ဆက်တွဲများ

## ရသေ့တောင်မြို့နယ်

### ထိခိုက်သေဆုံးမှု စာရင်း

| စဉ် | ကျေးရွာ | အုပ်စုကျေးရွာ/မြို့ | ထိခိုက် | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဒုံးပိုက် | ဒုံးပိုက် | ၄၀ | ၁၃ | သေဆုံးသူများထဲတွင် ၈နှစ် အရွယ် မိန်းကလေးငယ် တစ်ဦးပါဝင်ခဲ့သည်။ |
| ၂ | ချိန်ခါလီ | ချိန်ခါလီ | မရှိ | မရှိ | |
| ၃ | ပြိန်းတော | ပြိန်းတော | ၁ | မရှိ | |
| ၄ | ညောင်ပင်လယ် | ညောင်ပင်လယ် | မရှိ | မရှိ | |
| ၅ | ရသေ့တောင်မြို့ | ရသေ့တောင်မြို့ | ၂ | မရှိ | |

### အိမ်ခြေပျက်စီးဆုံးရှုံးမှုစာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ကျေးရွာရှိ စုစုပေါင်း အိမ်ခြေ | အမြင့်ဆုံး ထိခိုက်ပျက်စီးမှု (လူနေ၍ မရ) | အသင့်အတင့် ထိခိုက်ပျက်စီးမှု (လူနေ၍မရ) | အနိမ့်ဆုံး ထိခိုက်ပျက်စီးမှု (လူနေ၍ရ) | ထိခိုက်ပျက်စီးခဲ့သည့် အိမ်ခြေ စုစုပေါင်း | (%) |
|---|---|---|---|---|---|---|---|---|
| ၁ | ဒုံးပိုက် | ဒုံးပိုက် | 264 | 70 | 140 | 10 | 220 | 83% |
| ၂ | ချိန်ခါလီ | ချိန်ခါလီ | 181 | 21 | 160 | 0 | 181 | 100% |
| ၃ | ပြိန်းတော | ပြိန်းတော | 203 | 200 | 0 | 0 | 200 | 99% |
| ၄ | ညောင်ပင်လယ် | ညောင်ပင်လယ် | 330 | 30 | 300 | 0 | 330 | 100% |
| ၅ | ရသေ့တောင် | ရသေ့တောင် | 2051 | 417 | 1094 | 588 | 1961 | 96% |

### ပြောင်းရွှေ့နေထိုင်နေရသည့် အိမ်ထောင်စုအရေအတွက် စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ကျေးရွာစုစုပေါင်း အိမ်ထောင်စု | ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု | % |
|---|---|---|---|---|---|
| ၁ | ဒုံးပိုက် | ဒုံးပိုက် | 286 | 77 | 27% |
| ၂ | ချိန်ခါလီ | ချိန်ခါလီ | 181 | 0 | 0% |
| ၃ | ပြိန်းတော | ပြိန်းတော | 203 | 0 | 0% |
| ၄ | ညောင်ပင်လယ် | ညောင်ပင်လယ် | 373 | 20 | 5% |
| ၅ | ရသေ့တောင် | ရသေ့တောင် | 2143 | 0 | 0% |

### ရေတွင်း၊ ရေကန်နှင့် ရေတုံကင်(အဝီစိတွင်း) ပျက်စီးမှု စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ရေကန် | | | ရေတွင်း | | | ရေတုံကင် (အဝီစိတွင်း) | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ယခင် | ပျက်စီး | % | ယခင် | ပျက်စီး | % | ယခင် | ပျက်စီး | % |
| ၁ | ဒုံးပိုက် | ဒုံးပိုက် | 5 | 5 | 100% | 1 | 1 | 100% | | | |
| ၂ | ချိန်ခါလီ | ချိန်ခါလီ | 4 | 3 | 75% | 1 | 1 | 100% | | | |
| ၃ | ပြိန်းတော | ပြိန်းတော | 4 | 0 | 0% | | | | | | |
| ၄ | ညောင်ပင်လယ် | ညောင်ပင်လယ် | | | | 11 | 11 | 100% | | | |
| ၅ | ရသေ့တောင် | ရသေ့တောင် | 23 | 10 | 43% | 52 | 30 | 58% | | | |

### ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူဦးရေ စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | လူဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒုံးပိုက် | ဒုံးပိုက် | 6 | ၁၀နှစ်အောက် အဖြစ်များ၊ ကျေးရွာတွင်း ကုသနေသည်။ |
| ၂ | ချိန်ခါလီ | ချိန်ခါလီ | 0 | |
| ၃ | ပြိန်းတော | ပြိန်းတော | 0 | |
| ၄ | ညောင်ပင်လယ် | ညောင်ပင်လယ် | 0 | |
| ၅ | ရသေ့တောင် | ရသေ့တောင် | 0 | |

ပေါက်တောမြို့နယ်

## ထိခိုက်သေဆုံးမှု စာရင်း

| စဉ် | ကျေးရွာ | အုပ်စုကျေးရွာ/မြို့ | ထိခိုက် | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကြိမ်ခွေမော် | ကြိမ်ခွေမော် | ၁၀ | ၁ | |
| ၂ | သရက်တော | ငပြီကျွန်း | မရှိ | မရှိ | |
| ၃ | ငပြီကျွန်း(အလယ်ရွာ) | ငပြီကျွန်း | ၁ | မရှိ | |
| ၄ | သဲခုံ | ဂြင်းချောင်း | ၃၇ | မရှိ | |
| ၅ | ငှက်ချောင်းIDP(၂) | ပုဏ္ဏားကြီး | ၇၀ | မရှိ | |

## အိမ်ခြေပျက်စီးဆုံးရှုံးမှုစာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ကျေးရွာရှိ စုစုပေါင်း အိမ်ခြေ | အမြင့်ဆုံး ထိခိုက်ပျက်စီးမှု (လူနေ၍ မရ) | အသင့်အတင့် ထိခိုက်ပျက်စီးမှု (လူနေ၍မရ) | အနိမ့်ဆုံး ထိခိုက်ပျက်စီးမှု (လူနေ၍ရ) | ထိခိုက်ပျက်စီးခဲ့ သည့် အိမ်ခြေ စုစုပေါင်း | (%) |
|---|---|---|---|---|---|---|---|---|
| ၁ | ကြိမ်ခွေမော် | ကြိမ်ခွေမော် | 389 | 57 | 322 | 10 | 389 | 100% |
| ၂ | သရက်တော | ငပြီကျွန်း | 385 | 141 | 192 | 52 | 385 | 100% |
| ၃ | ငပြီကျွန်း(အလယ်ရွာ) | ငပြီကျွန်း | 24 | 22 | 2 | 0 | 24 | 100% |
| ၄ | သဲခုံ | ဂြင်းချောင်း | 450 | 430 | 20 | 0 | 450 | 100% |
| ၅ | ငှက်ချောင်းIDP(၂) | ပုဏ္ဏားကြီး | 1350 | 515 | 253 | 23 | 791 | 59% |

## ပြောင်းရွှေ့နေထိုင်နေရသည့် အိမ်ထောင်စုအရေအတွက် စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ကျေးရွာစုစုပေါင်း အိမ်ထောင်စု | ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု | % |
|---|---|---|---|---|---|
| ၁ | ကြိမ်ခွေမော် | ကြိမ်ခွေမော် | 466 | 16 | 3% |
| ၂ | သရက်တော | ငပြီကျွန်း | 423 | 0 | 0% |
| ၃ | ငပြီကျွန်း(အလယ်ရွာ) | ငပြီကျွန်း | 24 | 24 | 100% |
| ၄ | သဲခုံ | ဂြိုင်းချောင်း | 390 | 75 | 19% |
| ၅ | ငှက်ချောင်းIDP(၂) | ပုဏ္ဏားကြီး | 1350 | 0 | 0% |

## ရေတွင်း၊ ရေကန်နှင့် ရေတုံကင်(အဝီစိတွင်း) ပျက်စီးမှု စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ရေကန် | | | ရေတွင်း | | | ရေတုံကင် (အဝီစိတွင်း) | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ယခင် | ပျက်စီး | % | ယခင် | ပျက်စီး | % | ယခင် | ပျက်စီး | % |
| ၁ | ကြိမ်ခွေမော် | ကြိမ်ခွေမော် | 8 | 7 | 88% | | | | | | |
| ၂ | သရက်တော | ငပြီကျွန်း | 2 | 2 | 100% | | | | | | |
| ၃ | ငပြီကျွန်း(အလယ်ရွာ) | ငပြီကျွန်း | 3 | 3 | 100% | | | | | | |
| ၄ | သဲခုံ | ဂြိုင်းချောင်း | | | | 11 | 11 | 100% | 70 | 70 | 100% |
| ၅ | ငှက်ချောင်းIDP(၂) | ပုဏ္ဏားကြီး | 6 | 5 | 83% | | | | | | |

## ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူဦးရေ စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | လူဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကြိမ်ခွေမော် | ကြိမ်ခွေမော် | 160 | ၅နှစ်အောက် ကလေးငယ်များ ပါဝင်သည်။ |
| ၂ | သရက်တော | ငပြီကျွန်း | 0 | |
| ၃ | ငပြီကျွန်း(အလယ်ရွာ) | ငပြီကျွန်း | 0 | |
| ၄ | သဲခုံ | ဂြိုင်းချောင်း | 40 | ၅နှစ်နှင့် ၂၀နှစ်ကြား အဖြစ်များကြသည်။ |
| ၅ | ငှက်ချောင်းIDP(၂) | ပုဏ္ဏားကြီး | 120 | ၅နှစ်အောက် ကလေးငယ်များ ပါဝင်သည်။ |

## ပုဏ္ဏားကျွန်းမြို့နယ်

### ထိခိုက်သေဆုံးမှု စာရင်း

| စဉ် | ကျေးရွာ | အုပ်စုကျေးရွာ/မြို့ | ထိခိုက် | သေဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကုလားချောင်း | မက္ကလာကျ | မရှိ | မရှိ | |
| ၂ | ရဲရိုးပြင် | ခမောင်းတော | ၁ | မရှိ | ၁၈နှစ်နှင့် အထက် တစ်ဦး |
| ၃ | မက္ကလာကျ | မက္ကလာကျ | မရှိ | မရှိ | |
| ၄ | ဆားတောင်ပို့ | အောင်ဇေယျ | မရှိ | မရှိ | |
| ၅ | ပလီမော်ကျေးရွာ | ကျွဲထိုး အုပ်စု | မရှိ | မရှိ | |

### အိမ်ခြေပျက်စီးဆုံးရှုံးမှုစာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ကျေးရွာရှိ စုစုပေါင်း အိမ်ခြေ | အမြင့်ဆုံး ထိခိုက်ပျက်စီးမှု (လူနေ၍ မရ) | အသင့်အတင့် ထိခိုက်ပျက်စီးမှု (လူနေ၍မရ) | အနိမ့်ဆုံး ထိခိုက်ပျက်စီးမှု (လူနေ၍ရ) | ထိခိုက်ပျက်စီးခဲ့ သည့် အိမ်ခြေ စုစုပေါင်း | (%) |
|---|---|---|---|---|---|---|---|---|
| ၁ | ကုလားချောင်း | မက္ကလာကျ | 415 | 32 | 350 | 33 | 415 | 100% |
| ၂ | ရဲရိုးပြင် | ခမောင်းတော | 105 | 10 | 30 | 60 | 100 | 95% |
| ၃ | မက္ကလာကျ | မက္ကလာကျ | 153 | 13 | 135 | 0 | 148 | 97% |
| ၄ | ဆားတောင်ပို့ | အောင်ဇေယျ | 33 | 15 | 8 | 7 | 30 | 91% |
| ၅ | ပလီမော်ကျေးရွာ | ကျွဲထိုး အုပ်စု | 40 | 15 | 25 | 0 | 40 | 100% |

## ပြောင်းရွှေ့နေထိုင်နေရသည့် အိမ်ထောင်စုအရေအတွက် စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ကျေးရွာစုစုပေါင်း အိမ်ထောင်စု | ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု | % |
|---|---|---|---|---|---|
| ၁ | ကုလားချောင်း | မက္ကလာကျ | 470 | 20 | 4% |
| ၂ | ရဲရိုးပြင် | ခမောင်းတော | 165 | 24 | 15% |
| ၃ | မက္ကလာကျ | မက္ကလာကျ | 162 | 15 | 9% |
| ၄ | ဆားတောင်ပို့ | အောင်ဇေယျ | 34 | 3 | 9% |
| ၅ | ပလီမော် | ကျွဲထိုး | 40 | 20 | 50% |

## ရေတွင်း၊ ရေကန်နှင့် ရေတံ့ကင်(အဝီစိတွင်း) ပျက်စီးမှု စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | ရေကန် | | | ရေတွင်း | | | ရေတံ့ကင် (အဝီစိတွင်း) | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ယခင် | ပျက်စီး | % | ယခင် | ပျက်စီး | % | ယခင် | ပျက်စီး | % |
| ၁ | ကုလားချောင်း | မက္ကလာကျ | 6 | 6 | 100% | | | | | | |
| ၂ | ရဲရိုးပြင် | ခမောင်းတော | 4 | 4 | 100% | | | | | | |
| ၃ | မက္ကလာကျ | မက္ကလာကျ | 1 | | 0% | 4 | 4 | 100% | | | |
| ၄ | ဆားတောင်ပို့ | အောင်ဇေယျ | 3 | 3 | 100% | | | | | | |
| ၅ | ပလီမော် | ကျွဲထိုး | 4 | 3 | 75% | | | | | | |

## ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူဦးရေ စာရင်း

| စဉ် | ကျေးရွာ | ကျေးရွာအုပ်စု | လူဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကုလားချောင်း | မက္ကလာကျ | 50 | ၁၈နှစ်အောက် ကလေးငယ်များ ပါဝင်သည်။ |
| ၂ | ရဲရိုးပြင် | ခမောင်းတော | 100 | ၁၀နှစ်အောက် ကလေးငယ်များ ပါဝင်သည်။ |
| ၃ | မက္ကလာကျ | မက္ကလာကျ | | |
| ၄ | ဆားတောင်ပို့ | အောင်ဇေယျ | 10 | ၁၈နှစ်အောက် ကလေးငယ်များ ပါဝင်သည်။ |
| ၅ | ပလီမော် | ကျွဲထိုး | | |



မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်တစ်ဆောင် (ရသေ့တောင်မြို့နယ်)

“ဤအစီရင်ခံစာတွင်
ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း မြို့နယ် (၃)မြို့နယ်မှ
မြို့ပေါ်ရပ်ကွက် (၄)ခုနှင့် ကျေးရွာ ၁၄ ရွာ၏
မုန်တိုင်းဒဏ်ကြောင့် ထိခိုက်၊ သေဆုံးမှု၊
အိုးအိမ်နှင့် သောက်သုံးရေကန်များ ထိခိုက်ပျက်စီးမှု၊ ကျန်းမာရေးထိခိုက်မှု
ပြောင်းရွှေ့နေထိုင်ရမှုနှင့် ကျေးရွာများ၏ ဦးစားပေးလိုအပ်ချက်များကို
စုစည်း တင်ပြထားပါသည်။”

DMG
DEVELOPMENT MEDIA GROUP